# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ
# ညွှန်ကြားချက်အမှတ်၊ ၁/၂၀၁၆
# နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁၁) ရက်
# ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်

၁။ အသေးစား ငွေရေးကြေးရေးလုပ်ငန်းဥပဒေပုဒ်မ ၆၈ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ၂၅-၇-၂၀၁၆ ရက်နေ့တွင် ကျင်းပသည့် အသေးစားငွေရေး ကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီအစည်းအဝေးအမှတ်စဉ် (၁/၂၀၁၆) ကြိမ်မြောက် အစည်း အဝေးဆုံးဖြတ်ချက်အရ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသည် ဤညွှန် ကြားချက်အမှတ် ၁/ ၂၀၁၆ ကို ထုတ်ပြန်လိုက်သည်။

၂။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကြောင့် အသင်းသားများ ကြွေးဝန် မပိစေရန်လည်းကောင်း၊ အသင်းသားများ၏ လိုအပ်ချက်နှင့် ကိုက်ညီမှုရှိစေရန်လည်းကောင်း၊ အသင်းသားများအား တာဝန်ယူ၊ တာဝန်ခံမှုရှိသော ငွေကြေးဝန် ဆောင်မှုများ ဖြန့်ဝေနိုင်ရန်လည်းကောင်း အောက်ဖော်ပြပါ အသင်းဝင် အကာအကွယ်ပေးရေး ဥပဒေသများ (Clients Protection Principles) များနှင့်အညီ လိုက်နာဆောင်ရွက်ရန်-

(က) အသင်းသားများ၏ လိုအပ်ချက်နှင့်ကိုက်ညီသော ငွေကြေးဝန်ဆောင်မှုပေးခြင်းနှင့် ဖြန့်ဝေခြင်း နည်းစနစ်ကျင့်သုံးခြင်း (Appropriate Product Design and Delivery)

(ခ) အသင်းသားများ အကြွေးနွံနစ်ခြင်းမှ ကြိုတင်ကာကွယ်ခြင်း (Prevention of Over-indebtedness)

(ဂ) ငွေကြေးဝန်ဆောင်မှုနှင့် သက်ဆိုင်သော သတင်းအချက်အလက်များအား အသင်း သားများ နားလည်သော ဘာသာစကားဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသိပေး ဆောင်ရွက်ခြင်း (Transparency)

(ဃ) ငွေကြေးဝန်ဆောင်မှုနှင့်သက်ဆိုင်သော ဈေးနှုန်းသတ်မှတ်ချက်များအား အသင်း သားများ ထိခိုက်နစ်နာမှုမရှိစေရန် ဆောင်ရွက်ခြင်း (Responsible Pricing)

(င) အသင်းသားများအပေါ် မျှတ၍ လေးစားမှုရှိသော အပြုအမူများဖြင့် ဆက်သွယ် ဆက်ဆံခြင်း (Fair and respectful treatment of Clients)

(စ) အသင်းသားများ၏ သတင်းအချက်အလက်များအား လုံခြုံမှု ရှိစေရန် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ခြင်း (Privacy of Client data)

(ဆ) အသင်းသားများနှင့်အငြင်းပွားမှု ဖြစ်ပေါ်ပါက ဖြေရှင်းဆောင်ရွက်သော နည်းစနစ်များ ထားရှိဆောင်ရွက်ခြင်း (Mechanisms for complaint resolution)

၃။ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြောင့် အသင်းသားများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးသက်ရောက်မှုတိုင်းတာရန် အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများအနေဖြင့် အခြေခံ အချက်အလက် (Base Line) စာရင်းများကောက်ယူခြင်းအား နှစ်စဉ်ကောက်ယူတင်ပြစေရန် အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ ညွှန်ကြားချက်အမှတ် (၃/၂၀၁၅) အား ဤညွှန်ကြားချက်ဖြင့် ကျော်လွန်ပယ်ဖျက်ပါသည်။

ကျော်ဝင်း

ဥက္ကဋ္ဌ

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

အမိန့်အရ

(ဒေါက်တာစန္ဒာဦး)

အတွင်းရေးမှူး

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ